# ၂၀၁၉ ခုနှစ် စီးပွားညှိနှိုင်းပွဲ ဖွင့်လှစ်ကာ နိုင်ငံနှင့် ဒေသလုပ်ငန်း ၅၁ ခု ပါဝင်ပြသရန် ဆွဲဆောင်နိုင်

## ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းမှုပြတိုက်ကို ပထမဆုံးတည်ထောင်ပြီး ပြခန်း ၁၇ ခုနှင့် ပြသနေရာ ၇၅၀၀ ရှိ




၂၀၁၉ ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးစီးပွားရေးညှိနှိုင်းပွဲ (အောက်တွင် စီးပွားညှိနှိုင်းပွဲဟု အတိုချုံ့ခေါ်မည်)သည် ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကူမင်း တျိန်ချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ဖွင့်လှစ်ခဲ့သည်။ ယခုအကြိမ် စီးပွားညှိနှိုင်းပွဲသည် ‘တံခါးဖွင့်လှစ်မှု ရှေ့တန်းမှာ အတူစုစည်းခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုမှုစင်တာကို အတူတည်ဆောက်ခြင်း၊ ချမ်းသာဖွံ့ဖြိုးမှုကို အတူခံစားခြင်း’ဟူသော ခေါင်းစဉ်ဖြင့် ဇီဝဆေးဝါးနှင့် ကျန်းမာရေးပြတိုက်၊ မြစိမ်းရောင် စားသောက်ကုန်ပြတိုက်၊ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းမှုပြတိုက် စသည့် ပြတိုက် ၁၇ ခု တည်ထားသည်။ စုစုပေါင်း ပြသနေရာ ၇၅၀၀ ခန့်ရှိပြီး ပြတိုက်စုစုပေါင်း မျက်နှာပြင်ဧရိယာသည် ၁ ဒသမ ၇ သိန်း စတုရန်းမီတာခန့် ရှိပါသည်။

ယခုအကြိမ် စီးပွားညှိနှိုင်းပွဲမှာ တစ်ကမ္ဘာလုံးမှ နိုင်ငံနှင့် ဒေသ ၅၁ ခုမှ လုပ်ငန်းများ လာရောက်ပါဝင်ပြသခဲ့သည်။ ယခုအထိ ကမ္ဘာ့အင်အားအကောင်းဆုံးလုပ်ငန်း ၅၀၀ အတွင်း ၂၀ ခု၊ တရုတ်ပြည်တွင်းအင်အားအကောင်းဆုံးလုပ်ငန်း ၅၀၀ အတွင်း ၁၅ ခု၊ ခေါင်းဆောင်လုပ်ငန်း ၄၀ တို့ ပြသမည်ဖြစ်ကြောင်း သိရပါသည်။

ယခုအကြိမ်ညှိနှိုင်းပွဲ ခေါင်းစဉ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံဖြစ်ပြီး အဓိကဧည့်သည်နိုင်ငံမှာ ကမ္ဘောဒီးယားနိုင်ငံဖြစ်သည်။ ခေါင်းစဉ်နိုင်ငံအနေနှင့် သီရိလင်္ကာပြတိုက်၏ ဒီဇိုင်းအဆိုပြုလွှာ အဓိကပုံစံမှာ ကျောက်မျက်ရတနာဖြတ် မျက်နှာပြင်ဖြင့် ဒီဇိုင်းလုပ်ထားခြင်းဖြစ်သည်။ ပုံစံသည် ဗို့၊ လိုင်း၊ မျက်နှာပြင်ဖြင့် အဆင့်ခွဲကာ ကျောက်မျက်ရတနာကိုယ်ထည် ခံစားမှုကို ပြသထားသည်။ ထိုပုံစံသည် ခမ်းနားပြီး ခေတ်သစ်ပုံစံရှိသည်။

ယခုအကြိမ် စီးပွားညှိနှိုင်းပွဲမှ ပထမဆုံးအကြိမ် တည်ထားသည့် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းမှုပြတိုက်၊ မြစိမ်းရောင်စွမ်းအင်ပြတိုက်၊ သစ်တောဂေဟကုန်ပစ္စည်းပြတိုက်နှင့် ဒီဂျစ်တယ်ယူနန်ပြသဇုန်တို့၏ ပြသမှုအခြေအနေကို အဖက်ဖက်မှ အထူးဂရုပြုနေကြပါသည်။ မြစိမ်းရောင်စွမ်းအင်ပြတိုက်သည် ယူနန်ပြည်နယ် မြစိမ်းရောင်စွမ်းအင်ဖွံ့ဖြိုးမှု၏ ပုံရိပ်အသစ်၊ ကမ္ဘာ့မြစိမ်းရောင်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို ပြသကြောင်း သိရပါသည်။ စွမ်းအင်ဆိုင်ရာ ဆန်းသစ်နည်းပညာ၊ ကုန်ပစ္စည်းသစ်များကို စုဝေးပြသပြီး စွမ်းအင်ဒီဂျစ်တယ်ပုံစံ၊ စမတ်ပုံစံအလားအလာကို ဖော်ပြသည်။ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းမှုပြတိုက်တွင် ယူနန်တံခါးဖွင့်လှစ် အားသာချက် အထွေထွေ ပြသဇုန်၊ ခြံဇုန် စသည့် ဖွင့်လှစ်မှုပုံစံ ကြားခံနယ် ရင်းနှီးမြှုပ်နှံမှု ခေါ်ဆောင်စွမ်းဆောင်မှုဇုန်၊ ပြင်ပစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြသဇုန်သုံးခုဟူ၍ ခွဲခြားပြီးပြသသည်။ အထူးဆောက်လုပ်မှုဖြင့် 5G နည်းပညာ အသုံးပြုကာ ဒီဂျစ်တယ်ယူနန် ‘Multi Screen’ ပြသပုံစံ ခေတ်ပေါ်နည်းပညာပုံစံဖြင့် အပြန်အလှန်ခံစားမှု ပြည့်ဝသော၊ ကြော်ငြာအားကောင်းသော၊ သိပ္ပံခံစားမှု ကြီးမားသော၊ ဆန်းသစ်မှုပြည့်ဝသော၊ စမတ်ပုံစံ သိသာထင်ရှားသော ပြတိုက်ဖြစ်အောင် လုပ်ဆောင်ပါသည်။ သစ်တောဂေဟကုန်ပစ္စည်းပြတိုက်သည် ‘သစ်တောဂေဟ’ခေါင်းစဉ်ဖြင့် ဒီဇိုင်းလုပ်ဆောင်ထားပါသည်။ ထို့အတူ ပြည်နယ်ခွဲ မြို့အသီးသီးမှ ထူးခြားချက်များကို ပေါင်းစပ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ကုန်ကြမ်းဖြင့် ဒီဇိုင်းဆောက်လုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ လက်တွေ့ကျ အသုံးပြုခြင်းကို ဖော်ပြသည်။

# စီးပွားညှိနှိုင်းပွဲကာလအတွင်း တရုတ် – တောင်အာရှ ၊ အရှေ့တောင်အာရှ Think Tank ဖိုရမ် ကျင်းပ



၂၀၁၉ ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုကုန်သွယ်မှုညှိနှိုင်းပွဲ(အောက်တွင် ညှိနှိုင်းပွဲဟု အတိုချုံ့ခေါ်ဝေါ်မည်)ကျင်းပသည့် အချိန်ကာလအတွင်း တရုတ်နိုင်ငံ လူမှုသိပ္ပံအကယ်ဒမီနှင့် ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့ အတူကျင်းပသည့် (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှ Think Tank ဖိုရမ်လည်း တစ်ပြိုင်နက် ကျင်းပခဲ့သည်။

‘Think Tank ကျွမ်းကျင်သူ ပညာရှင်များစွာ စုဝေးသည့် ဖိုရမ်သည် Think Tank ကျွမ်းကျင်သူပညာရှင်များ၏ အင်အားကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများ အတူဖွံ့ဖြိုးတိုးတက်ရေး တွန်းတင်ရန်လည်းကောင်း၊ ကံကြမ္မာတူအသိုင်းအဝန်း တည်ဆောက်ရန်လည်းကောင်း အကြံပြုချက်များစွာကို ထောက်ပံ့ပေးလျက်ရှိနေပါသည်။ ယခုနှစ် ကျွန်တော်တို့ရရှိသည့် အကျိုးရလဒ်များစွာသည် အလွန်ကောင်းမွန်ပါသည်။ ကျွန်တော်တို့သည် ကျွမ်းကျင်သူပညာရှင်များကို ဖွဲ့စည်းပြီး ရရှိသောရလဒ်များအပေါ် ရွေးချယ်၍ ထူးချွန်သည့်ရလဒ်ကို ရွေးထုတ်မည်ဖြစ်ပါသည်။ ပြည်ပမှရလဒ်များအပေါ် ဘာသာပြန်ဆိုမှုလည်း လုပ်ဆောင်နေပါသည်’ဟု မေ ၂၀ ရက် ယူနန်ပြည်နယ် လူမှုသိပ္ပံအကယ်ဒမီ၊ တရုတ်(ကူမင်း) တောင်အာရှ၊ အရှေ့တောင်အာရှ သုတေသနကောလိပ် ဒုတိယဥက္ကဋ္ဌ၊ သုတေသနပညာရှင် ချိန်လီကျွင်းက သတင်းထောက်ထံ ပြောကြားခဲ့ပါသည်။

ယခင်နှစ်က အောင်မြင်စွာကျင်းပခဲ့သည့် (၆)ကြိမ်မြောက် တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှ Think Tank ဖိုရမ်၏ အခြေခံပေါ်တွင် ယခုနှစ် ယူနန်ပြည်နယ် လူမှုသိပ္ပံအကယ်ဒမီသည် ဖိုရမ်အမည်ကောင်း၏ ထိရောက်အားကိုမြှင့်တင်ရာတွင် အစွမ်းကုန် အားထုတ်မည်ဖြစ်ကြောင်း သိရပါသည်။ ဖိုရမ်၏ အကြောင်းအရာအပေါ် မြှင့်တင်မှုလုပ်ဆောင်မည်ဖြစ်ပါသည်။ ယခု ဖိုရမ်တစ်ခုလုံး၏ ကြိုတင်ပြင်ဆင် အလုပ်လုပ်ငန်းစဉ်သည် အဆင်ပြေနေလျက်ရှိပါသည်။ အစည်းအဝေးတက်ရောက်မည့် ကိုယ်စားလှယ် ၁၀၀ ကျော်ရှိမည်ကို တိကျစွာသိနေသည်။ ၎င်းအတွင်း ပြည်ပ Think Tank ကျွမ်းကျင်ပညာရှင် ကိုယ်စားလှယ်သည် ၆၀ ကျော်ရှိသည်။ အောင်မြင်မှုရလဒ်စုဆောင်းသည့် အပိုင်းကဏ္ဍတွင် ယခုရရှိသည့် ပြည်တွင်းရလဒ်များမှာ ၅၀ ကျော်ရှိပြီး ပြည်ပရလဒ်မှာ ၂၀ ကျော် ရှိပါသည်။ ဖိုရမ်ကျင်းပသည့်အချိန်တွင် ရရှိသည့် ရလဒ်စာတမ်းများမှာ အစောင် ၁၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားပါသည်။

ယခုနှစ် Think Tank ဖိုရမ်သည် ‘တရုတ်နိုင်ငံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှ ကံကြမ္မာတူ အသိုင်းအဝန်း ဆောက်လုပ်ရေး’ ဟူသော ခေါင်းစဉ်ကို ဝိုင်းရံလျက် ပြိုင်တူဖိုရမ်ခြောက်ခုကို တည်ထောင်သည်။ အကြီးစားလုပ်ငန်းနှင့် နာမည်ကြီး မီဒီယာများ လှုပ်ရှားမှုသို့ပါဝင်ရန် ဖိတ်ကြားခဲ့သည်။ ဖိုရမ်၏ နက်ရှိုင်းမှုနှင့် ကျယ်ပြန့်မှုကို ထပ်မံတိုးချဲ့ပါသည်။

‘ယခုနှစ်၏ ဖိုရမ်တွင် Think Tank ရလဒ်များစွာ ထွက်ပေါ်လာနိုင်ကြောင်းဟု ခန့်မှန်းပါသည်။ ကျွန်တော်တို့သည် ရလဒ်ကြော်ငြာတွန်းတင်ခြင်းအလုပ်ကို အရေးတယူ လုပ်ဆောင်ပါသည်။ Thesis စာတမ်းအပြင် Think Tank ရလဒ်များရှိသည်။ Think Tank ကျွမ်းကျင်သူပညာရှင်ရှုထောင့်မှ တရုတ်နိုင်ငံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှ၏ စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုများကို စူးစမ်းဆွေးနွေးပါသည်။ အကျိုးတူအောင်မြင်မှု၊ အတူဖွံ့ဖြိုးတိုးတက်မှုကို တွန်းတင်ပါသည်’ဟု ချိန်လီကျွင်းက မိတ်ဆက်သည်။ တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှ Think Tank ဖိုရမ်ကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ တရုတ်နိုင်ငံနှင့် ယူနန်၏ ပုံရိပ်ကို ပြည့်စုံစွာ ဖော်ပြလိုခြင်းဖြစ်သည်။ တောင်အာရှ၊ အရှေ့တောင်အာရှ၏ တံခါးဖွင့်လှစ် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကိုလည်း ပြသခြင်းဖြစ်ပါသည်။ ယခုနှစ်ဖိုရမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ရာ နှစ်(၇၀)အတွင်း၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်နှင့် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုရလဒ်ကို အလေးထားပြသသည်။

**သတင်းထောက်– ရှုဖင်**

"အသံ"

# တရုတ်ဆန်းသစ်မှုများစွာဖြင့် ကမ္ဘာကို အကျိုးပေးလုပ်ဆောင်မည်

တရုတ်-အမေရိကန် စီးပွားကုန်သွယ်မှု ပွတ်တိုက်မှုများဖြစ်ပေါ်လာနေပြီး အမေရိကန်မှ Huawei ကုမ္ပဏီအပေါ် ဖိအားတွန်းဖိလာသည့် နောက်ခံအောက်မှာ တရုတ်နိုင်ငံသည် 'မိမိအလုပ် ကောင်းအောင်လုပ်'သည့်အပေါ် သဘောတူညီမှုများ ရရှိလာပါသည်။ ၎င်းအတွင်း အလေးပါဆုံးအချက်မှာ သိပ္ပံနည်းပညာ ကိုယ်ပိုင်ရပ်တည်မှု ဖြစ်မြောက်ခြင်း၊ ဆန်းသစ်တီထွင်မှုဖြင့်မောင်းနှင်ကာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ လျှောက်လှမ်းခြင်းစသည်တို့ ဖြစ်ပေါ်နေပါသည်။

ဆန်းသစ်မှုကို အလေးထားခြင်းသည် ဆန်းသစ်မှုကြီးထွားလေလေ နိုင်ငံကြီးထွားလေလေ၊ ဆန်းသစ်မှုခိုင်မာလေလေ နိုင်ငံခိုင်မာလေလေ၊ ဆန်းသစ်မှုကြာရှည်လေလေ နိုင်ငံဆက်လက်ကြီးမားလေလေ ဟူသောအဓိပ္ပာယ်မှာ ပြောင်းလဲမှုမရှိပါ။ အလျားလိုက်ကြည့်လျှင် နှစ်ပေါင်းရာချီသော ကာလအတွင်း ကမ္ဘာ့စီးပွားရေးစင်တာသည် အကြိမ်ကြိမ် ပြောင်းရွှေ့ခဲ့ပါသည်။ ၎င်း၏နောက်ကွယ်မှ အလေးပါဆုံးသော အင်အားသည် ဆန်းသစ်မှုဖြစ်ပါသည်။ သိပ္ပံဆန်းသစ်မှု မည်သည့်နေရာတွင် ကြီးထွားရှင်သန်လာလျှင် ဖွံ့ဖြိုးတိုးတက်မှုတွန်းအားသည် ထိုနေရာတွင် တိုးတက်နေသည်။ ဖွံ့ဖြိုးတိုးတက်မှု စမှတ်ဗဟိုင့်နှင့် စီးပွားပြိုင်ဆိုင်မှုအား မည်သည့်နေရာသို့ ပြောင်းရွှေ့သွားလျှင် ခေတ်ပေါ်ရေလှိုင်းသည် ထိုနေရာတွင် ရေပန်းစားလျက်ရှိပါသည်။ စီးပွားရေးအင်အားကြီးနိုင်ငံအားလုံးသည် ဆန်းသစ်နိုင်ငံကြီးများ ဖြစ်ပါသည်။ ဒေါင်လိုက်ကြည့်လျှင် ၂၁ ရာစုသို့ ဝင်ရောက်ချိန်ကစပြီး သိပ္ပံနည်းပညာ တော်လှန်မှုနှင့် လုပ်ငန်းပြောင်းလဲမှုများ မျိုးဆက်သစ်များ စတင်လာသည်။ ကမ္ဘာ့အဓိကနိုင်ငံများသည် သိပ္ပံနည်းပညာ ဆန်းသစ်မှုထိုးဖောက်ချက်အသစ်ကို အပြိုင်အဆိုင်ရှာဖွေနေကြသည်။ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု ရှေ့တန်းအခွင့်အလမ်းကို ကြိုးပမ်းရယူကြပါသည်။ ယှဉ်ပြိုင်မှုများအတွင်း ဆန်းသစ်သူသာလျှင် တိုးတက်မည်။ ဆန်းသစ်သူသာလျှင် ကြီးမားမည်။ ဆန်းသစ်သူသာလျှင် အောင်မြင်မည်။

ဆန်းသစ်မှုကို အလေးထားရခြင်းသည် တရုတ်နိုင်ငံက ဆန်းသစ်မှုမရှိလျှင် နောက်ကျခြင်း၊ ကိုယ်တိုင်မရပ်တည်နိုင်ပါက သူတစ်ပါးဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်နေရခြင်းအပေါ် အထူးနက်ရှိုင်းသော ခံစားမှုရှိသောကြောင့်ဖြစ်ပါသည်။ အကောင်အထည်ဖော်မှုဖြင့် ဗဟိုနည်းပညာများ အထူးသဖြင့် လုပ်ငန်းကြီးထွားမှုကို ဆုံးဖြတ်နိုင်သော၊ နိုင်ငံလုံခြုံရေးနှင့်သက်ဆိုင်သော နည်းပညာများသည် တောင်းဆို၍မရ ဝယ်ယူ၍မရကြောင်း သက်သေပြနိုင်ခဲ့သည်။ ကိုယ်ပိုင်ဆန်းသစ်မှုကို မှီခိုမှသာ ဖြစ်နိုင်ပေမည်။ အဓိကနယ်ပယ်တွင် ကိုယ်ပိုင်ဆန်းသစ်မှု လုပ်ဆောင်နိုင်မှသာ အခြေခံမှ နိုင်ငံစီးပွားလုံခြုံရေးကို အာမခံချက်ပေးနိုင်မည် ဖြစ်သည်။

နည်းပညာရပ်တည်မှုကို ဖြစ်မြောက်ခြင်းတွင် တရုတ်နိုင်ငံက စစ်မှန်သောလုပ်ဆောင်မှုများဖြင့်သာ ပြသမည်ဖြစ်ပါသည်။ ယနေ့တရုတ်နိုင်ငံသည် ထုတ်လုပ်မှုလုပ်ငန်း စသည့် ရိုးရာနယ်ပယ်များတွင် ဖြည့်ဆည်းလုပ်ဆောင်နေသည်သာမက AI စမတ်စသည့် ထိပ်တန်းအဆင့်မြင့်နယ်ပယ်များတွင် အားသာမှုများ တဖြည်းဖြည်းစုစည်းနေပါသည်။ ဆန်းသစ်လုပ်ငန်းများတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်အတူ ယှဉ်ပြိုင်နေသည်သာမက ရှေ့တန်းသိပ္ပံ 'လူမဲ့ဇုန်'တွင် ဖွံ့စည်းစီမံမှုများ လုပ်ဆောင်လျက်ရှိနေပါသည်။ ယခု တရုတ်နိုင်ငံတွင် နည်းပညာ အားနည်းချက်များ ရှိနေသေးသည်။ သို့သော် ယေဘုယျအားဖြင့် အချိန်ကြာရှည်မှုပိုင်းကိုကြည့်လျှင် တရုတ်နိုင်ငံသည် အချိန်နှင့် နေရာပေါ်တွင် ပြည့်စုံသော ဆန်းသစ်ဗျူဟာများ ဖြစ်ပေါ်နေပြီဖြစ်ပါသည်။ ကမ္ဘာ့နည်းပညာလုပ်ငန်း တော်လှန်မှုသစ်နှင့် တရုတ်စီးပွားရေးသည် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ စုစည်းလျက်ရှိနေပါသည်။ တရုတ်နိုင်ငံမှ ဆန်းသစ်ဦးဆောင်မှုအတွက် အလွန်အလေးပါသည့် အခွင့်အလမ်းကို ထောက်ပံ့ပေးနေပါသည်။ အလေးပါနယ်ပယ်တွင် ကိုယ်ပိုင်ဆန်းသစ်မှု လုပ်ဆောင်ရာတွင် တရုတ်နိုင်ငံသည် စွမ်းဆောင်ချက်ရှိပါသည်။ ပြင်ပလောကမှ အကြောင်းမဲ့ ဖိအားပေးမှုများသည် တရုတ်နိုင်ငံ၏ ကိုယ်ပိုင်ဆန်းသစ်မှုလုပ်ဆောင်ရန် စိတ်ဓာတ်ကို ပိုမိုကြံ့ခိုင်စေပါသည်။

တရုတ်နိုင်ငံ ကိုယ်ပိုင်ဆန်းသစ်ခြင်းသည် တံခါးပိတ်ပြီး သိုင်းပညာအသစ်ကျင့်ခြင်း မဟုတ်ပါ။ တရုတ်နိုင်ငံခေါင်းဆောင်က တိကျစွာပြောကြားခဲ့သည်မှာ 'ကိုယ်ပိုင်ဆန်းသစ်မှုသည် တံခါးဖွင့်လှစ်သော ပတ်ဝန်းကျင်အောက်မှ ဆန်းသစ်မှုဖြစ်သည်။ တံခါးပိတ်ပြီး လုပ်ဆောင်၍မရပါ။ အဖက်ဖက်မှ အင်အားများ စုစည်းရမည်ဖြစ်ပါသည်"။ စစ်မှန်သော ဆန်းသစ်မှုရလဒ်သည် မည်သည့်တိကျသော သိပ္ပံနည်းပညာ ပိုင်ဆိုင်သူမှ ပိုင်ဆိုင်ခြင်းမဟုတ်ပါ။ လူသားများမှ အတူခံစားရသည့် စည်းစိမ်ဥစ္စာဖြစ်ပါသည်။ တရုတ်နိုင်ငံ ကိုယ်ပိုင်ဆန်းသစ်မှု၏ တောင်းဆိုမှုသည်လည်း ဤသို့ပင် ဖြစ်ပါသည်။ ယခင်က ငှက်ဖျားရောဂါကာကွယ်ဆေး ချင်းဟောင်းစု (artean-nuin)မှ 'လူသန်းပေါင်း ၂၀၀ ကယ်ဆယ်'သည်ဖြစ်စေ၊ လုပ်ငန်းပုံစံ ဖြစ်ပေါ်လာမည့် 5G နည်းပညာဖြင့် လုပ်ငန်းသစ်နှင့် နေထိုင်မှုသစ်အတွက်ဖြစ်စေ များစွာသောဖြစ်နိုင်မှုကို သယ်ဆောင်ပေးပါသည်။ ဆန်းသစ်မှုအားလုံးသည် နိုင်ငံတကာနည်းပညာလောကမှ လူသားတိုးတက်ရေးကို တွန်းတင်ရန်အတွက် ဖြစ်ပါသည်။

ကိုယ်ပိုင်ဆန်းသစ်မှုအတွင်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ အားလုံးပါဝင်စုစည်းခြင်း၊ ဖွင့်လှစ်ဆန်းသစ်မှုအတွင်း မိမိကိုယ်ကို အဆင့်မြှင့်တင်ခြင်း၊ သိပ္ပံနည်းပညာကိုယ်တိုင် ရပ်တည်မှုဖြစ်မြောက်ခြင်း လုပ်ဆောင်ရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် မိုးဒဏ်လေဒဏ်များဖြတ်သန်းပြီး နည်းပညာနှင့် လုပ်ငန်းလုပ်ပိုင်ခွင့်များကို ကြိုးပမ်းလုပ်ဆောင်ကာ ဆန်းသစ်မှု မောင်းနှင်ခြင်း၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို တည်ငြိမ်ကောင်းမွန်စွာ လျှောက်လှမ်းမည် ဖြစ်ပါသည်။

**ဆောင်းပါးအရင်းအမြစ်–**
**'ပြည်သူ့နေ့စဉ်သတင်း ပြည်ပကော်လံ'**
**မှ ကောက်နုတ်ထားပါသည်။**



"ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ၊ အတူကြီးပွားချမ်းသာခြင်း"

## ယူနန်ပြည်နယ် (၃၃)ခရိုင်(မြို့ ရပ်ကွက်) ဆင်းရဲနွမ်းပါးခြင်းမှကင်းဝေး

ဧပြီလ ၃၀ ရက်နေ့တွင် ယူနန်ပြည်နယ်မှ ဆင်းရဲသော ခရိုင်(မြို့၊ ရပ်ကွက်) ၃၃ ခုသည် အဖက်ဖက်မှ ကြိုးစားအားထုတ်ခြင်းကြောင့် ဆင်းရဲခြင်းစာရင်းမှ ရုန်းထွက်လာနိုင်ခဲ့သည်။ ယခုအချိန်ထိ ယူနန်ပြည်နယ်တွင် ဆင်းရဲသောခရိုင်(မြို့၊ ရပ်ကွက်) ၄၈ ခုရှိပြီး ဆင်းရဲသောခရိုင်များ၏ ၅၄ ဒသမ ၅ ရာခိုင်နှုန်းကို နေရာယူထားသည်။ ယခုချိန်တွင် ဆင်းရဲနွမ်းပါးခြင်းမှ ကင်းဝေးခဲ့သည်။ တရုတ်တစ်ပြည်လုံး ဆင်းရဲသောခရိုင်များ လျှော့နည်းမှုနှုန်းနှင့် တူညီနေပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်လာစေခဲ့ပါသည်။

**ဓာတ်ပုံရှင်းလင်းချက် –** ယူနန်ပြည်နယ်ဝင်ရှမ်ကျွမ့်တိုင်းရင်းသား၊ မြောင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ ရှမ်တောင်ခရိုင်တွင် ကျင်းပသော 'တရုတ်နိုင်ငံ ပြည်လုံးကျွတ်အိပ်မက် အတူအကောင်အထည်ဖော်ခြင်း' ယဉ်ကျေးမှုပွဲတော်၊ 'ယဉ်ကျေးမှု + ခရီးသွားလာခြင်း'သည် ဒေသခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေးကို တွန်းတင်စေပါသည်။ ပုံသည် တိုင်းရင်းသားများနှင့် ပြည်ပ ခရီးသည်များ ဟေးယူတုံ့ရွာတွင် အတူဆုံဆည်းနေပုံဖြစ်ပါသည်။

**သတင်းထောက်– ရန်ကျုံးယို**

## တရုတ်–လာအို ရထားလမ်း မဲခေါင်မြစ်ဖြတ်သန်း အကြီးစားတံတား ပထမဆုံးပေါင်းစပ်မှု အောင်မြင်ခြင်း

တရုတ်-လာအို ရထားလမ်းဆောက်လုပ်ရေးနှင့် လည်ပတ်မှုကို တာဝန်ယူသည့် လာအို-တရုတ် သံလမ်းကုမ္ပဏီမှ သိရှိသောသတင်းအရ တရုတ်နိုင်ငံ အမှတ်(၈) ရထားလမ်းကြောင်းတည်ဆောက်ရေးအုပ်စုအဖွဲ့မှ ထောက်ပံ့ဆောက်လုပ်သည့် တရုတ်-လာအို ရထားလမ်း Luang Prabang မဲခေါင်မြစ်ဖြတ် အကြီးစားတံတားကြီးသည် ယခုရက်ပိုင်း ပထမဆုံးပေါင်းစပ်မှု လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရပါသည်။

Luang Prabang မဲခေါင်မြစ် အကြီးစား တံတားကြီးသည် စုစုပေါင်း ၁၄၅၈ ဒသမ ၉ မီတာ ရှည်လျားသည်။ တရုတ်-လာအိုရထားလမ်း၏ အလေးပါလုပ်ငန်းဖြစ်သည်။ တံတားကြီးသည် မဲခေါင်မြစ်ကိုဖြတ်သန်းပြီး အဓိကတံတားတိုင်ငါးခုသည် မြစ်အတွင်းတွင် ရပ်တည်သည်။ မဲခေါင်မြစ်ရေသည် နက်ရှိုင်းပြီး ရေစီးအရှိန်မြန်သည်။ အဓိကတံတားတိုင်လုပ်ငန်း လုပ်ဆောင်ရေးသည် စွန့်စားမှုကြီးမားပြီး ခက်ခဲလှပါသည်။

တရုတ်-လာအို ရထားလမ်းသည် မြောက်ဘက်တွင် လာအို-တရုတ် နယ်စပ်မှစပြီး တောင်ဘက်တွင် လာအိုမြို့တော် ဗီယင်ကျင်းသို့ ရောက်ရှိသည်။ ပထမဆုံး တရုတ်နိုင်ငံဘက်မှ အဓိကရင်းနှီးဆောက်လုပ်သော၊ တရုတ်-လာအို အတူလုပ်ငန်းလည်ပတ်သော၊ တရုတ်နိုင်ငံ ရထားလမ်းကွန်ရက်နှင့် တိုက်ရိုက်ချိတ်ဆက်သော ပြည်ပသံလမ်းစီမံကိန်း ဖြစ်ပါသည်။ စုစုပေါင်း ၄၁၄ ကီလိုမီတာ ရှည်လျားပြီး တံတားအရှည်မှာ ၆၂ ကီလိုမီတာခန့်ရှိသည်။ လိုဏ်ဂူအရှည်မှာ ၁၉၈ ကီလိုမီတာခန့်ရှိသည်။ တရုတ်-လာအို ရထားလမ်းတစ်လျှောက်သည် တရုတ်နည်းပညာစံနှုန်း၊ တရုတ်စက်ကိရိယာကို အသုံးပြုပါသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ တစ်လိုင်းလုံး လုပ်ငန်းစတင်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ပြီးစီးအသုံးပြုနိုင်မည်ဖြစ်ပါသည်။

**ဆင်ဟွာသတင်းဌာန**

"ခရီးသွားလာရေး"

# ၂၀၁၉ ခုနှစ် မဲခေါင်မြစ်ဝှမ်းဒေသ ခရီးသွားဖိုရမ်ကို ယူနန်ပြည်နယ် တာလီမြို့တွင် ကျင်းပခဲ့

မေလ ၂၈ ရက်နေ့တွင် ၂၀၁၉ ခုနှစ် မဲခေါင်မြစ်ဝှမ်းဒေသ ခရီးသွားဖိုရမ်ကို ယူနန်ပြည်နယ် တာ့လီမြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဖိုရမ်သို့ မဟာမဲခေါင်မြစ်ဝှမ်း ခြောက်နိုင်ငံမှ ကိုယ်စားလှယ်အားလုံး တက်ရောက်ခဲ့ပါသည်။ ဒေသအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍများ တူညီစွာဖွံ့ဖြိုးတိုးတက်လာစေရန် မည်ကဲ့သို့ အကျိုးရှိစွာ လုပ်ဆောင်ရမည့် အကြောင်းများကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါဖိုရမ်၏ခေါင်းစဉ်သည် 'ခရီးသွား-ယဉ်ကျေးမှု အမွေဆက်ခံခြင်းနှင့် ကာကွယ်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း တွန်းအားများ'ဟူ၍ ဖြစ်ပါသည်။

တရုတ်နိုင်ငံပြည်သူ့အစိုးရသည် မဟာမဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံအသီးသီးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖလှယ်ခြင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အထူးအလေးထားကြောင်း၊ အလွှာမျိုးစုံသော အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု စနစ်နှင့် ပလက်ဖောင်းများကို တည်ဆောက်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံအသီးသီးမှ အပြန်အလှန် သွားလာသောလူဦးရေသည် သန်းပေါင်း ၄၅ ဒသမ ၃၈ ဦးရှိကြောင်း၊ ၂၀၁၇ ခုနှစ်ထက် ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်လာကြောင်း တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျန်ရှွင်က မိတ်ဆက်ပြောကြားခဲ့ပါသည်။

လာအိုနိုင်ငံ သတင်းယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဝင်းထွန်းခေါင်ဖန်က ထိုကဲ့သို့ပြောကြားသည်။ ၂၀၁၈ ခုနှစ်တွင် လာအိုနိုင်ငံအတွင်းသို့ တရုတ်ခရီးသွားဧည့်သည် ၈ သိန်းကျော် ဝင်ရောက်ခဲ့ပါသည်။ လာအိုနိုင်ငံသို့ရောက်




ရှိလာကြသော တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ ပိုမိုအဆင်ပြေချောမွတ်ရန်အတွက် တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံ နှစ်နိုင်ငံသည် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုးစားပြီး အကောင်အထည်ဖော်ဆောင်နေပါသည်။ အထူးသဖြင့် တရုတ်-လာအို ရထားလမ်းဖွင့်လှစ်ပါတော့မည်။ ၎င်းရထားလမ်းသည် တရုတ်-လာအို ခရီးသွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သော အခွင့်အကောင်းကို ဖန်တီးပေးမည်ဖြစ်ပါသည်။

အဆိုပါဖိုရမ် ကျင်းပနေချိန်တွင် (၄၃) ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ် ခရီးသွားအမှုဆောင်အသင်း အစည်းအဝေးကိုလည်း ကျင်းပခဲ့ပါသည်။ ခြောက်နိုင်ငံမှ ခရီးသွားစီမံခန့်ခွဲမှုဌာန ကိုယ်စားလှယ်များနှင့် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ တရုတ်-အာဆီယံစင်တာ စသည့် အပြည်ပြည်ဆိုင်ရာအသင်းမှ ကိုယ်စားလှယ်များသည် အစည်းအဝေးသို့တက်ရောက်ခဲ့ကြသည်။ ဒေသအတွင်း ခရီးသွားလုပ်ငန်း ဈေးကွက်တိုးချဲ့ခြင်း၊ ခရီးသွားလုပ်ငန်း ထူးချွန်သူများကို မွေးထုတ်ပေးခြင်း၊ ခရီးသွားလုပ်ငန်း အပြန်အလှန် ဆက်သွယ်ခြင်း စသည့်အကြောင်းအရာများနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပါသည်။

**ဆင်ဟွာသတင်းဌာန**

## နှစ်(၇၀)ပြည့်နှစ် နှစ်ပတ်လည်ဂုဏ်ပြုခြင်း

**အယ်ဒီတာအညွှန်း–** ၂၀၁၉ ခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတည်ထောင်ခြင်း နှစ်(၇၀)ပြည့်နှစ်ဖြစ်သည်။ နှစ်ပေါင်း(၇၀)အချိန်ကာလအတွင်းတွင် တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးသော၊ အင်အားနည်းသော နိုင်ငံတစ်နိုင်ငံမှ ယခုလက်ရှိ ကမ္ဘာ့ဒုတိယစီးပွားရေးစနစ်ကြီး ဖြစ်လာပါသည်။ အထွေထွေနိုင်ငံ့အင်အားသည် သမိုင်းတွင်သောအခြေအနေသို့ ရောက်ရှိလာကြောင်း ကမ္ဘာ့ပြည်သူအများက ဂရုပြုနေပါသည်။ ယခုအပတ်စဉ်တွင် ကျွန်တော်တို့သည် 'နှစ်(၇၀)ဂုဏ်ပြုခြင်း' ကော်လံကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။ နှစ်(၇၀)အချိန်ကာလအတွင်း တရုတ်နိုင်ငံအတွင်း ဖြစ်ပေါ်သော ပြောင်းလဲမှုကြီးများကို သင့်အတွက် ထုတ်ဖော်ပေးသွားပါမည်။

## လူဖြင့်စိုက်ပျိုးထားသော သစ်တော၏မျက်နှာပြင်ဧရိယာသည် ကမ္ဘာတွင် နံပါတ်(၁)နေရာတွင် ရပ်တည်လျက်ရှိ



ယခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်ပင်စိုက်ပျိုးနေ့သတ်မှတ်ခြင်း၏ နှစ်(၄၀)ပြည့်သောနှစ် ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ အချိန်ကာလအတွင်းတွင် တရုတ်နိုင်ငံ၏ စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ဆောင်ချက်များသည် အောင်မြင်မှု အကျိုးရလဒ်များစွာ ရရှိထားပြီဖြစ်သည်။ ယခုလက်ရှိအချိန်တွင် လူဖြင့် စိုက်ပျိုးထားသော သစ်တော၏မျက်နှာပြင်ဧရိယာသည် ကမ္ဘာတွင် နံပါတ်(၁)နေရာတွင် ရပ်တည်လျက်ရှိပါသည်။ သစ်တောမျက်နှာပြင်ဧရိယာ တိုးပွားစေနှုန်းအချိုးသည် ကမ္ဘာ့နံပါတ်(၁)ဖြစ်ပါသည်။ နောက်နောင်တွင် တရုတ်နိုင်ငံသည် ဒေသအခြေအနေအလိုက် နိုင်ငံ့မြေစိမ်းလန်းစိုပြည်စေရေး အကြီးစားလှုပ်ရှားမှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ မြို့ပြနေရာများအတွင်းသို့ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ သစ်တောကျေးရွာများထဲတွင် မြို့သစ်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

# 'ရပ်ဝန်းတစ်ခု ၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံခြားထူးချွန်ပညာရှင်များ ၂၀၁၉ ခုနှစ် ကူမင်းတီထွင်ဖန်တီးမှု ထိပ်သီးအစည်းအဝေးကို ချိန်ဂုဏ့်ရပ်ကွက်တွင် စတင်ဖွင့်လှစ်ခဲ့

ယခုရက်ပိုင်းတွင် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံခြား ထူးချွန်ပညာရှင်များ ၂၀၁၉ ခုနှစ် ကူမင်း တီထွင်ဖန်တီးမှု ထိပ်သီးအစည်းအဝေး အစည်းအဝေးခွဲကို ချိန်ဂုဏ့်ရပ်ကွက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ဗီယက်နမ်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ အစ္စရေး စသည့်နိုင်ငံများတွင် ထူးချွန်သော စီမံကိန်း ၁၇ ခုမှ ကိုယ်စားလှယ်များသည် နိုင်ငံခြားစီမံကိန်းဆွေးနွေးပွဲတွင် မိတ်ဆက်မှုများ လုပ်ဆောင်ခဲ့သည်။ ၎င်းတွင် Automatic Artificial Intelligence ကို စတင်တည်ထောင်သော ကုမ္ပဏီ၊ စိတ်ကျန်းမာမှုကို အဝေးမှ ကာကွယ်ကုသပေးခြင်း ပလက်ဖောင်းနှင့် Hybrid super aerator စသည့် ကုမ္ပဏီများ ပါဝင်ပါသည်။ စီမံကိန်းအကြောင်းများကို မိတ်ဆက်ပေးသည်သာမက စီမံကိန်းကိုယ်စားလှယ်များသည် ပွဲတက်ပရိသတ်များနှင့်အတူ အမေး၊ အဖြေ အစီအစဉ်များကို လုပ်ဆောင်ခဲ့ကြပါသည်။

အဆိုပါ နိုင်ငံခြားထူးချွန်ပညာရှင်များ လုပ်ငန်းစတင်တည်ထောင်ခြင်း အစည်းအဝေး OTEC သည် ကူမင်းမြို့တွင် ပထမဆုံးအကြိမ် အစည်းအဝေးခွဲ ကျင်းပခြင်းဖြစ်သည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' တောင်အာရှ၊ အရှေ့တောင်အာရှပြိုင်ပွဲ ဌာနခွဲတွင်ရှိသော ထူးချွန်သော စီမံကိန်းများကို စုစည်းထားပါသည်။ ကူမင်းမြို့ နိုင်ငံခြားထူးချွန်ပညာရှင် တီထွင်ဖန်တီးမှု၊ လုပ်ငန်းတည်ထောင်ခြင်းလူနေမှုအသိုင်းအဝိုင်းဖြစ်လာအောင် တွန်းအားဖြစ်စေပါသည်။ အဆိုပါနေ့တွင် OTEC သည် ကူမင်းမြို့ ချိန်ဂုဏ့်ရပ်ကွက် သတင်းထုတ်ပြန်ရေးဇုန် 'ယွမ်စန်ယွမ်' ဖန်တီးမှု




နှစ်ရပ်ရှိသော ခရိုင်မြို့လေးသို့သွားရောက်ပြီး 'လုပ်ငန်းတည်ထောင်ခြင်း၊ တီထွင်ဖန်တီးခြင်း 'ချိန်ချိုင်' နိုင်ငံခြားစီမံကိန်း ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

မိတ်ဆက်ခြင်းများအရ သိရသည်မှာ ၂၀၁၈ ခုနှစ်တွင် ချိန်ဂုဏ့်ရပ်ကွက်တွင် ထူးချွန်ပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ 'ကူမင်းမြို့ လူ့စွမ်းအားအရင်းအမြစ်ဖြင့် ထုတ်လုပ်မှုဇုန်ကို ဝန်ဆောင်ခြင်း'နှင့် 'ချိန်ဂုဏ့် ထူးချွန်ပညာရှင်များ စုစည်းရာ'ပလက်ဖောင်းကို တည်ထောင်လိုက်ပါသည်။ ပထမဆုံးအကြိမ် ချိန်ဂုဏ့်ရပ်ကွက် ထူးချွန်ပညာရှင်များ ဦးစွာ ဖွံ့ဖြိုးတိုးတက်ခြင်း ထိပ်သီးဖိုရမ်ကို ကျင်းပခဲ့ပါသည်။ 'ထူးချွန်ပညာရှင်များ ဖြစ်လာစေခြင်း၊ ပညာရှင်များကို မွေးထုတ်ပေးခြင်း၊ ပညာရှင်များကို ဖြစ်ထွန်းစေခြင်း' စသည့် အနက်အဓိပ္ပာယ်နှင့် ကိုက်ညီသော 'ချိန်ချိုင်' လုပ်ငန်းအမှတ်တံဆိပ်ကို ဖန်တီးလိုက်ပါသည်။

ချိန်ဂုဏ့်ရပ်ကွက် ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး ရှွင်ကွေမင်က ထိုကဲ့သို့ ပြောကြားသည်။ 'ဝန်ဆောင်မှုပေးခြင်း၊ လုပ်ငန်းတည်ထောင်ခြင်း၊ တီထွင်ဖန်တီးခြင်း 'ချိန်ချိုင်' 'နိုင်ငံခြားစီမံကိန်း ဆွေးနွေးပွဲကိုကျင်းပရခြင်း အကြောင်းရင်းသည် ပြည်တွင်း၊ ပြည်ပ အရင်းအမြစ်များနှင့် ချိတ်ဆက်ပေးခြင်း၊ ထူးချွန်ပညာရှင်များ+စီမံကိန်း+အရင်းအနှီး+ဈေးကွက်တစ်ခုလုံး၏ လည်ပတ်မှုကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ပါသည်။

ချိန်ဂုဏ့်ရပ်ကွက် တီထွင်ဖန်တီးမှု၊ လုပ်ငန်းတည်ထောင်ခြင်းအတွက် အရှိန်လျင်မြန်အဆင့်မြှင့်တင်လာစေပါသည်။ တစ်ဖက်တွင် ဝန်ဆောင်မှုများကို ပေးအပ်ခြင်းနှင့် နိုင်ငံတော်၏ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အကြံပြုချက် စီမံကိန်းထဲသို့ နှီးနှောနိုင်စေရန်ဖြစ်သည်။ ချိန်ဂုဏ့်ရပ်ကွက်၏ တောင်အာရှ အရှေ့တောင်အာရှဒေသများအတွင်းရှိ စီးပွားရေးလုပ်ဆောင်ချက်၊ ဘဏ္ဍာရေးဝန်ဆောင်မှုစွမ်းအား၊ တီထွင်ဖန်တီးမှုစွမ်းအား၊ လူမှုရေးယဉ်ကျေးမှု သိကျွမ်းနားလည်စေခြင်း စသည့်အကြောင်းများကို ပိုမိုဖြစ်ထွန်းစေနိုင်ပါသည်။

အဆိုပါအစီအစဉ်သည် တောင်အာရှ အရှေ့တောင်အာရှ နိုင်ငံအချို့ သံရုံးမှ သံမှူးများနှင့် တီထွင်ဖန်တီးမှုဌာန၊ စီးပွားရေးဌာန သို့မဟုတ် ယဉ်ကျေးမှုသင်ကြားရေးဌာနမှပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။ ချိန်ဂုဏ့်ရပ်ကွက်နှင့် တောင်အာရှ အရှေ့တောင်အာရှ ထူးချွန်ပညာရှင်များနှင့် အရင်းအမြစ်များ ရေရှည်ဆက်သွယ်နေခြင်းစနစ်ကို တည်ဆောက်ရန်၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို ရှာဖွေရန် စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မျှော်မှန်းထားပါသည်။ **သတင်းထောက်– ရှုံမင်**

ပေါက်ဖော်ချစ်ကြည်ရေး

# တရုတ်–မြန်မာ စီးပွားရေးစင်္ကြံဆောက်လုပ်ရေး အဆက်မပြတ်မြှင့်တင်လျက်ရှိ

တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုများပြားလာသည်နှင့်အမျှ ယူနန်ပြည်နယ်သည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံမြောက်ပိုင်း စမှတ်အနေဖြင့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

တရုတ်ဘက်မှ ‘ပြောင်းပြန်ပုံသဏ္ဍာန်’ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရန် တင်ပြကြောင်း၊ သုံးထောင့်ပုံစံ အခြေခံပြီး သုံးထောင့်ပုံစံ ပူးပေါင်းဆောင်ရွက်ရေး အခင်းအကျင်းကို ဖန်တီးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီ က ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က ပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှာ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အဆိုပြုချက်၏အောက်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ခြင်းဆိုင်ရာ သဘောတူညီချက်များ ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေး အရှိန်မြှင့်တင်ခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် တရုတ်နိုင်ငံ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဟောလစ်ဖုံးနှင့် မြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့သည် နှစ်နိုင်ငံအစိုးရ ကိုယ်စားပြုပြီး ‘တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရတို့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ နားလည်မှုစာချွန်လွှာ’ကို ရေးထိုးခဲ့သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ပေကျင်းမြို့တွင် ကျင်းပခဲ့သည်။ တရုတ်-မြန်မာ နှစ်နိုင်ငံသည် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်ခြင်း အတွေးအခေါ်များနှင့် လုပ်ငန်းမူများ၊ ပူးတွဲကော်မရှင်စနစ်၊ အစောပိုင်းဖော်ဆောင်ရေးစီမံကိန်း၊ ပူးပေါင်းစီမံကိန်းရေးဆွဲခြင်းနှင့် အဓိက ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ တွန်းအားပေးဆောင်ရွက်ခြင်း စသည့်အကြောင်းအရာများကို အခြေခံပြီး ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ နှစ်နိုင်ငံ သဘောတူညီချက်ရရှိပြီး စီမံကိန်းများ၊ ထုတ်လုပ်မှုစွမ်းရည်များနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးရေး၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းနယ်ပယ်၊ ဒီဂျစ်တယ်ပိုးလမ်းမ၊ သဘာဝဂေဟစနစ်၊ ခရီးသွားလာရေး၊ သတင်းအချက်အလက်နှင့် ဒေသပူးပေါင်းဆောင်ရွက်ရေး စသည့်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ် အထူးအလုပ်အဖွဲ့များ ဖွဲ့စည်းထားခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလ ကူမင်းမြို့တွင် ကျင်းပသော အငှမအကြိမ် တရုတ် ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် တရုတ် ယူနန်ပြည်နယ်နှင့် မြန်မာ နှစ်ဦးနှစ်ဖက်မှ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကို လေ့လာဆွေးနွေးခဲ့ကြပါသည်။ ကုန်သွယ်စီးပွားရေးများ ရင်းနှီးမြှုပ်နှံရေး၊ လယ်ယာစိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ သန့်စင်ရေး၊ နယ်စပ်ထိန်းသိမ်းရေး စသည့်နယ်ပယ်များအတွက် တိုင်ပင်ဆွေးနွေးခဲ့ပြီး သဘောတူညီချက်များ ရရှိခဲ့သည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးသည် မြန်မာနိုင်ငံဘက်မှ အပြုသဘောတုံ့ပြန်မှုများ ရရှိခဲ့သည်။ မြန်မာမီဒီယာများ၏သတင်းအရ ၂၀၁၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံရေးအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ ဟောင်ကောင်တွင်ကျင်းပသည့် တတိယအကြိမ်မြောက် ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာတစ်ဝန်းထံ မြန်မာ့စီးပွားရေးစင်္ကြံ အကြီးစားစီမံကိန်းငါးခုကို တင်ပြခဲ့သည်။ ယင်းမှာ ရန်ကုန်မြို့သစ်၊ ရန်ကုန် ဧရာဝတီစီမံကိန်းနှင့် ပုသိမ်စက်မှုဇုန်၊ မန္တလေးအပန်းဖြေမြို့သစ်၊ မန္တလေးမြို့သာစက်မှုဇုန်၊ မူဆယ်ဗဟိုစီးပွားရေးဇုန် စသည်များ ပါဝင်သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ သမ္မတရုံးမှထုတ်ပြန်ချက်အရ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ အကောင်အထည်ဖော် ဆောင်ရွက်ရေး လမ်းညွှန်မှုကော်မတီကို တည်ထောင်ခဲ့သည်။ ကော်မတီဥက္ကဋ္ဌမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှလည်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ဆောက်လုပ်ရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးများတွင် တက်ကြွစွာ ပါဝင်မည်ဟု ဖော်ပြခဲ့သည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးမှာ သဘောတူညီချက်များ ရရှိထားပြီး သက်ဆိုင်ရာစီမံကိန်းများလည်း လျင်မြန်စွာ လုပ်ဆောင်နေသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့က တရုတ်-မြန်မာ မူဆယ်-မန္တလေး မီးရထားလမ်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်မြို့တွင် ကျင်းပခဲ့သည်။ ယခုနှစ်ဆန်းတွင် မူဆယ်-မန္တလေး ရထားလမ်း လက်တွေ့ဆန်းစစ်ရေးကို စတင်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် တာ့လီ-ရွှေလီ မီးရထားလမ်း နုကျန်းမြစ် သံမဏိဒိုင်းခွေတံတားခုံးသည် ပေါင်းဆက်နိုင်ခဲ့ပါသည်။ ယင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးအကွာအဝေးဖြစ်သော မီးရထားလမ်း တံတားခုံးဖြစ်သည်။




တာ့လီ-ရွှေလီမီးရထားလမ်း ပြီးမြောက်ရေးအတွက် ကောင်းမွန်သောအခြေအနေကို အထောက်အပံ့ဖြစ်စေသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာကျောက်ဖြူစီးပွားရေးဇုန် ရေနက်ပိုင်း မီမံကိန်းဆောက်လုပ်ရေးဆိုင်ရာစာချုပ်ရေးထိုးပွဲကို မြန်မာနိုင်ငံ နေပြည်တော်မြို့တွင် လက်မှတ်ရေးထိုးခဲ့သည့်အတွက်ကြောင့် ကျောက်ဖြူစီးပွားရေးဇုန် စီမံကိန်းမှာ စတင်လုပ်ဆောင်တော့မည်ဟု ဖော်ပြနိုင်သည်။ အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်သည့်အပြင် တရုတ်-မြန်မာ ပြည်တွင်းပြည်ပကုန်ပစ္စည်း ကူးသန်းသွားလာရေးနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှပါသည်။

၂၀၁၇ ခုနှစ် မေလတွင် တရုတ်-မြန်မာ လက်မှတ်ရေးထိုးထားသော ‘တရုတ်စီးပွားရေး ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သည် တရုတ်-မြန်မာ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်မှုဇုန် သဘောတူစာချွန်လွှာ’ကို လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်-မြန်မာ နယ်စပ်ဒေသဆောက်လုပ်ရေးမှာ အရှိန်မြှင့်တင်နေသည်။

တယ်ဟုန်တိုင်တိုင်းရင်းသား၊ ဂျိမ်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲသည် ကျယ်ခေါင်နယ်စပ်ဖြတ်ကျော်အီးကော်မာရှယ်မြို့ဆောက်လုပ်ရေး၊ မြန်မာနိုင်ငံ မူဆယ်ဗဟိုစီးပွားရေးဇုန် ဖွံ့ဖြိုးမှုစီမံကိန်း၊ ပြည်ပစက်မှုဇုန်စနစ်ရှိသော တရုတ်-မြန်မာနယ်စပ် ဆောက်လုပ်ရေးကို နုန်တောင်မှ ဗန်းမော်၊ မူဆယ်မှ မန္တလေးလမ်း ပြုပြင်ပြောင်းလဲ တိုးချဲ့ဆောက်လုပ်ရေး စသည်တို့ကို အဓိကအကြောင်းအရာဖြစ်သည့် လမ်းမကြီးဆောက်လုပ်ရေးမှာ စတင်နေပြီဖြစ်ပါသည်။

ပေါင်စန်းမြို့မှ တင်ပြဦးဆောင် အကောင်ထည်ဖော်ကာ ‘ပြောင်းပြန်ပုံသဏ္ဍာန်’ တရုတ်-မြန်မာ စီးပွားစင်္ကြံလမ်းပေါ်မှ ‘လမ်းတစ်လျှောက်တည်းခြံနှစ်ခု’ (‘လမ်းတစ်လျှောက်’သည် တောင်ပိုင်းပိုးထည်လမ်းမတစ်လျှောက်ဖြစ်ပြီး ‘ခြံနှစ်ခု’ သည် ပြည်တွင်းရှိ ပေါင်စန်းစက်မှုလုပ်ငန်းအသီးသီး စုဝေးသော လုပ်ငန်းဇုန်နှင့် မြန်မာနိုင်ငံ ထုတ်လုပ်မှုလုပ်ငန်းဇုန်တွင် ခင်းကျင်းထားသော စီးပွားရေးတံခါးဖွင့်လှစ်သော စီမံကိန်းဖြစ်သည်။)ကို ဖွဲ့စည်းမည် ဖြစ်သည်။ ယခုလုပ်ငန်းစဉ် လုပ်ဆောင်နေလျက်ရှိသည်။

ပြည်တွင်းတွင်လမ်းမကြီးနှင့် ‘ခြံတွင်းခြံ’ ဆောက်လုပ်ရေးအသီးသီးလည်း လုပ်ဆောင်နေလျက်ရှိသည်။ ပြည်ပတွင် ပေါင်စန်းစက်မှုကုန်သွယ်ခြံဇုန် ဦးဆောင်သည့် မြန်မာနိုင်ငံ ဒုတိယအကြီးဆုံးမြို့ဖြစ်သော မန္တလေးမြို့တွင် ဆောက်လုပ်သည့် ပေါင်စန်း-မန္တလေး မြို့သာစီးပွားကုန်သွယ် ပူးပေါင်းဆောင်ရွက်ရေးဇုန်လည်း ကြိုးပမ်းဆောက်လုပ်နေလျက်ရှိသည်။ ပေါင်စန်းထိန်ချုံး နယ်စပ်စီးပွားပူးပေါင်းဆောင်ရွက်ရေးဇုန်မှ ဦးဆောင်လုပ်ဆောင်သည့် မြန်မာနိုင်ငံမြောက်ပိုင်း ပေါင်စန်း-မြစ်ကြီးနား စီးပွားဖွံ့ဖြိုးဇုန်လည်း တက်ကြွစွာ တွန်းတင် လုပ်ဆောင်လျက်ရှိနေပါသည်။

**သတင်းထောက်– လျိုကျိုယွီ၊ ဟန်ရှိုန်ယွမ်**

